# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 26 , 2022 | Volume 59, Number 16


| ၂၆.၁၀.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၀၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၃၁.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၉၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၆၄၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလအတွင်း မြန်မာ-မလေးရှား နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၃၉၄ သန်းကျော်ရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လေးလအတွင်း မြန်မာ-မလေးရှား နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၃၉၄ သန်းကျော်ရှိပြီး မလေးရှားဘက်မှ သွင်းကုန်ဒေါ်လာသန်း ၃၀၀ ကျော် တင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ၊ မေ ၊ ဇွန်နှင့်ဇူလိုင်အထိ လေးလအတွင်း မြန်မာဘက်မှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၆၄ ဒသမ ၀၆၆ သန်း၊ မလေးရှားဘက်မှ သွင်းကုန်ဒေါ်လာ ၃၃၀ ဒသမ ၃၆၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၉၄ ဒသမ ၄၃၁ သန်းရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ Mini Budget ခြောက်လအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ဒေါ်လာ ၁၀၈ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီလျံအထိရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်း ရရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ ၁၁၁၃၆ ဒသမ၈၇၈ သန်း၊ သွင်းကုန် ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်း ရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်း ရရှိခဲ့သည်။

Source: https://news-eleven.com/article/239408

## ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် ၈၈၀၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက်တန်ချိန် ၃၅၀၀ ကျော် တင်ပို့မှုလျော့ကျ



https://news-eleven.com/article/239388

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတဆင့် ရော်ဘာတန်ချိန် ၈၈၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်လထက် တန်ချိန် ၃၅၀၀ ကျော် တင်ပို့မှုလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ဒေါ်လာ ၃ ဒသမ ၅၇၂ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၆၀ နီးပါး တင်ပို့ခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၈ ဒသမ ၄၂၃ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၆၃၅၀ ကျော် တင်ပို့ခဲ့သည်။ နယ်စပ်မှ တင်ပို့မှုမှာ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၅၃၈၀ နီးပါးနှင့် ထိုင်းနိုင်ငံသို့ ရော်ဘာတန်ချိန်စုစုပေါင်း ၉၇၀ ကျော်တင်ပို့ခဲ့သည်။ ယင်းကာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၈၈၁၀ တင်ပို့ခဲ့သည်။ ယခင်လ တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၃၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်း ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါး ပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်း ရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်း ပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များ စသည်ဖြင့် Supply Chain တလျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန် လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့လည်း ပါဝင်သည်။

**Source:** https://news-eleven.com/article/239388

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က ပြည်ပသို့ဆန်နှင့်ဆန်ကွဲနေ့စဉ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိ

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအနေဖြင့် ရှမ်းပြည်နယ် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က ပြည်ပသို့ ဆန်နှင့် ဆန်ကွဲပို့ကုန် ယာဉ်အစီးရေ ၃၀ ခန့်ဖြင့် နေ့စဉ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌက ပြောပြ၍သိရသည်။

လက်ရှိတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီး ဆန်စပါးများ အသစ်ထွက်ပေါ်သည့် ကာလဖြစ်သည့်အတွက် ဆန်တင်ပို့မှုသည် ယခင်ထက် ပိုမိုကောင်းမွန်နေကာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က ပြည်ပသို့ နေ့စဉ် ဆန်နှင့် ဆန်ကွဲပို့ကုန် ယာဉ်အစီးရေ ၃၀ ခန့် တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။ "သီတင်းကျွတ်လနောက်ပိုင်း အောက်မြန်မာပြည်မှာ ဆန်အသစ်တွေ ဖြိုင်ဖြိုင်ပေါ်လာပြီ၊ အဲဒီအတွက် ဆန်နှင့်ဆန်ကွဲက တစ်နေ့ကို တန် ၅၀ ဆံ့တဲ့ တွဲကားအစီး ၂၀ နဲ့ ၃၀ ကြား ပုံမှန်သွားနေတာကို တွေ့ရှိရပါတယ်။ ဈေးနှုန်းအရဆိုလဲ ဆန်ကွဲတစ်အိတ်ကို မူဆယ်အထိုင်ဈေး ယွမ် ၁၄၀ ကနေ ၁၅၀ ကြား ရပါတယ်" ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌက ပြောပြသည်။

ပြီးခဲ့သည့် သီတင်းကျွတ်လ မတိုင်မီကာလက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က ပြည်ပသို့ တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲ ပို့ကုန်ယာဉ်ငါးစီးမှ ၁၀ စီးသာ ဝင်ရောက်နိုင်ပြီး လက်ရှိတွင် ဆန်နှင့်ဆန်ကွဲပို့ကုန်ယာဉ်အစီးရေ ၃၀ ခန့် ဝင်ရောက်နိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများကို မြန်မာ-တရုတ် နယ်စပ်ဒေသများတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းစသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မူဆယ်ဆန်စပါး ဒုတိယဥက္ကဋ္ဌက ပြောပြ၍သိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5191-muse-105-mile-trade-zone-to-export-rice-and-rice.html

## မုံရွာမြို့တွင်ဖြစ်ပေါ်နေသော ပဲမျိုးစုံဈေးနှုန်းအခြေအနေ

အောက်တိုဘာလ တတိယအပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ဖြစ်ပေါ်ခဲ့သော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပဲစင်းငုံ၊ မတ်ပဲ၊ (Cp)ပြောင်းသီးနှံ၊ ကုလားပဲ(မျိုးစုံ)ဈေးများ အနည်းငယ်ပြန်လည်မြင့်တက်လာပြီး ပဲတီစိမ်းဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းသွားကြောင်းသိရသည်။ အောက်တိုဘာလ တတိယပတ်အတွင်း ဂျုံသီးနှံပေါက်ဈေးနှုန်းသည် ဂျုံဖြူသန့် တစ်တင်းလျှင် (၆၃၀၀၀-၆၅၀၀၀)ကျပ်၊ ဂျုံထွက်တိုးတစ်တင်းလျှင် (၆၀၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ဂျုံထွက်တိုးမှာ အရောင်းအဝယ်အေးနေကြောင်းသိရသည်။ ပဲစင်းငုံ ၊ မတ်ပဲနှင့်ပဲတီစိမ်း (ကြီး) သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံ (၆၁၀၀၀)ကျပ်၊ မတ်ပဲ (၅၉၀၀၀)ကျပ်နှင့် ပဲတီစိမ်း(ကြီး) (၄၅၀၀၀) ကျပ် ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ(၆၀၀၀၀)ကျပ်၊ မတ်ပဲ (၅၈၅၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) (၄၆၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ် နှိုင်းယှဉ်ပါက ပဲတီစိမ်း (ကြီး) အရောင်းအဝယ်အေးသဖြင့် တစ်တင်းလျှင် (၁၀၀၀)ကျပ် ကျဆင်းနေပြီး၊ ပဲစင်းငုံ တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၅၀၀) ကျပ်နှင့် မြင့်တက်လာကြောင်း သိရသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၃၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၃၅၀၀) ကျပ်၊ 929 (၆၀၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၂၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၂၅၀၀)ကျပ်၊ 929 (၅၉၂၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်နှင့် ယခင်တစ်ပတ်နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ 929 (၁၃၀၀)ကျပ် အသီးသီးမြင့်တက်လာကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် (၁၇၈၀၀)ကျပ်၊ ဆန်ပြောင်းဖြူတစ်တင်းလျှင် (၁၈၅၀၀)ကျပ် ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် (၁၇၂၀၀) ကျပ်၊ ဆန်ပြောင်းဖြူ တစ်တင်းလျှင် (၁၈၅၀၀)ကျပ်ရှိ၍

ယခုတစ်ပတ်နှင့် ယခင်တစ်ပတ်နှိုင်းယှဉ်ပါက ဆန်ပြောင်းဖြူဈေးငြိမ်နေပြီး ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် (၆၀၀) ကျပ် မြင့်တက်လာကြောင်း သိရှိရသည်။

**Source:** ဖေယျာကုန်သွယ်မှုဗဟိုဌာန

## ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများအခြေအနေ

ဂျာမနီနိုင်ငံရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့်အာလူးထုတ်လုပ်သူများအသင်း (Federal Association of Fruit, Vegetable and Potato Processors-BOGK) သည် အဖွဲ့ဝင်ကုမ္ပဏီများနှင့် သက်ဆိုင်ရာကဏ္ဍများကို ကိုယ်စားပြု၍ မူဝါဒ၊ ဈေးကွက်၊ ကုန်ကြမ်းရရှိမှု၊ ထောက်ပံ့ပို့ဆောင်မှု အစရှိသည်တို့အတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။

အာလူးစိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင် ကုန်ကြမ်းအပါအဝင် အခြားထောက်ပံ့ပို့ဆောင်မှုနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာမှုများအတွက် အသင်း၏ Managing Director ဖြစ်သူ Mr. Horst-Peter Karos က စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများသည် စွမ်းအင်ဈေးနှုန်းများနှင့်အတူ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးဈေးနှုန်းများလည်း များစွာမြင့်တက်လာနေကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့်အခက်အခဲများကြောင့်လည်း စိန်ခေါ်မှုတစ်ရပ်နှင့်တွေ့ကြုံနေရကြောင်း၊ ကုမ္ပဏီများ အနေဖြင့် စားသောက်ကုန်များနှင့် အာလူးကုန်ချောများထုတ်လုပ်နိုင်မှုနှင့် စားသုံးသူများအတွက် အာမခံချက် ပေးနိုင်မှု တို့သည်လည်း မေးခွန်းထုတ်စရာဖြစ်လာကြောင်း ပြောကြားခဲ့ပါသည်။

စားသောက်ကုန်ထုတ်လုပ်ရာတွင် လိုအပ်သောထုပ်ပိုးမှုစရိတ်များနှင့် နေကြာဆီကဲ့သို့ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာနေပြီး စိုက်ပျိုးရေးနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော ယူကရိန်းနိုင်ငံမှ အလုပ်သမား များနှင့် ကားမောင်းသူများကို ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားမှုတွင် ဆုံးရှုံးရခြင်းများလည်းရှိခဲ့ပါသည်။ BOGK အနေဖြင့် အာလူးထုတ်လုပ်မှုလုပ်ငန်းအတွက် ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင်လည်း စိန်ခေါ်မှုများနှင့် ဆက်လက်တွေ့ကြုံရနိုင်ကြောင်း၊ လက်လီရောင်းဝယ်သူများနှင့် စာချုပ်ချုပ်ဆိုမှုများ အပြီးသတ်ပြုလုပ်နိုင်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်ကျ စရိတ်များ ပြန်လည်တွက်ချက်ခြင်းတို့လိုအပ်ကြောင်း ခန့်မှန်းထားရှိပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.bogk.org/**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA

## တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအားပိုမိုမြင့်မားလာ

စက္ကူပုံးသေတ္တာများတွင် ထည့်သွင်းထုပ်ပိုးလေ့ရှိသော စိန်ပုံသဏ္ဍာန်ဖြတ်ထားသည့် လတ်ဆတ်အုန်းသီးများနှင့် နှိုင်းယှဉ် ပါက စက္ကူပုံးအစားပိုက်ကွန်အိတ်ကို အသုံးပြုထားကာ ပိုမိုပါးလွှာအောင် အခွံသင်ထုတ်လုပ်ထားသည့် လတ်ဆတ်အုန်းသီး အား တရုတ်နိုင်ငံမှဝယ်လိုအား ပိုမိုရှိလာသည်ဟု သိရပါသည်။ ၎င်းထုပ်ပိုးမှု ပုံစံအသစ်မှာ ပုံမှန်စိန်ပုံစံအုန်းသီးထက် ဈေးနှုန်း ၂၀% မှ ၃၀% ကြား ပိုမိုသက်သာပါသည်။ ထို့ပြင် ပေ ၂၀ ကုန်သေတ္တာတစ်လုံးလျှင် ယခင်ကအလုံးရေ ၁၉၀၀၀ သာ ထည့်သွင်းနိုင်ခဲ့ရာမှ ယခုအခါ အလုံးရေ ၂၄၀၀၀ ထည့်သွင်းနိုင်ကာ၊ ပြုပြင်ထုတ်လုပ်သယ်ဆောင်သည့်စရိတ်များကို သက်သာစေကြောင်းနှင့် ပုံသဏ္ဍာန်အသစ်၏အားနည်းချက်မှာ ပုံးသေတ္တာထဲတွင်ထည့်ထားလျှင် အလွယ်တကူပျက်စီးနိုင် ကြောင်း သတင်းရရှိပါသည်။

**Source: Tridge (၂၀-၁၀-၂၀၂၂)**

**ဒေါက်တာရွှေစင်ကို၊ ကုန်သွယ်ရေးဦးစီးဌာန**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

https://www.commerce.gov.mm/my/article/update-news/internationaltrade/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%88%E1%80%B1%E1%80%B1%

## အိန္ဒိယစားသုံးသူရေးရာဌာနက တင်သွင်းလာသောပဲစင်းငုံများအတွက် ပိုသေဈေးနှုန်းများကို အောက်တိုဘာလ ၁၈ ရက်နေ့မှ စတင်သတ်မှတ်လိုက်ပြီဖြစ်

အိန္ဒိယအစိုးရ၊ စားသုံးသူရေးရာဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသော ပဲစင်းငုံများအားလုံးအတွက် ပိုသေအခြေခံဈေးနှုန်းကို သတ်မှတ်လိုက်ပြီး ၎င်းမှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်မှ စတင်အသက်ဝင်ပြီးဖြစ်ပါသည်။ အာဖရိက ပင်ရင်းဖြစ်သော ပဲစဉ်းငုံများအတွက် အခြေခံဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၂၆.၂၀ ဒေါ်လာဖြစ်ကာ မာလာဝီ၊ မိုဇမ်ဘစ်နှင့် တန်ဇန်းနီးယားနိုင်ငံတို့အပေါ် ကျင့်သုံးမည်ဖြစ်ပါသည်။ အာဖရိကပြင်ပနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ ကဲ့သို့နိုင်ငံများမှ တင်သွင်းလာသည့်အပေါ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၆၅.၇၀ ဒေါ်လာသတ်မှတ်ထားကြောင်း သတင်းရရှိပါသည်။

**Source: Tridge (၂၀-၁၀-၂၀၂၂)**

**ဒေါက်တာရွှေစင်ကို၊ ကုန်သွယ်ရေးဦးစီးဌာန**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%A1%E1%80%AD%E1%80%94%E1%80%B9%E1%80%92%E1%80%AD%E1%80%9A%

## တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ GAP ပဲတီစိမ်းများ ဝယ်ယူလျှက်ရှိ

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသော GAPစနစ်ဖြင့် စိုက်ပျိုးသော ပဲများဖြစ်သည့် ပဲတီစိမ်း၊ ပဲနောက်၊ ပဲလွန်းတို့အား တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့(RFDA)နှင့် မြန်မာနှမ်းစိုက်တောင်သူများအသင်း (Mysfa) တို့ပူးပေါင်း၍ အဖွဲ့ဝင်တောင်သူများ စိုက်ပျိုးထားသည့် ပဲတီစိမ်းသီးနှံများကို (၁၄.၁၀.၂၀၂၂)ရက်နေ့မှစ၍ ကျေးရွာအရောက်ကွင်းဆင်း၍ ပွဲခအလွတ် ဈေးကောင်းပေးကာ ဝယ်ယူပေးလျှက်ရှိနေတာကို သိရှိရပါသည်။ နေ့စဉ်တင်းရေ (၄၅၀)တင်းမှ (၅၀၀)တင်းအထိ ဝယ်ယူလျှက်ရှိကြောင်း သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## STOCK EXCHANGE (26.10.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -100 | -1.05% | 9,400 | 9,400 | 9,400 | 1,050 | 9,870,000 | 33,109,694 | 311,231 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 4,513 | 15,569,850 | 38,929,150 | 134,306 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,800 | 7,800 | 7,700 | 172 | 1,326,300 | 10,400,986 | 80,088 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 400 | 8,000,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 9 | 24,300 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 421 | 1,136,700 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,000 | 5,100 | 5,000 | 188 | 955,500 | 10,497,598 | 53,538 |

# Market Overview

## Main Board

As of 1:00 pm, 26th Oct. 2022

| MYANPIX | 412.25 ▼ 2.27 |
|---|---|
| Total Volume (shares) | 6,753 |
| Total Value (MMK) | 37 mil |
| Listed Company | 7 |
| Market Cap. (MMK) | 717,166 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 100 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 100 |

TIR